# မွန်ပြည်နယ်လွှတ်တော်

## မွန်ပြည်နယ်ကျေးရွာထင်းစိုက်ခင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၅ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၃ ။)

# မွန်ပြည်နယ် ကျေးရွာထင်းစိုက်ခင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၅ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၃ ။)

## ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

## ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်

မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မွန်ပြည်နယ်ကျေးရွာထင်းစိုက်ခင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မွန်ပြည်နယ်ကျေးရွာထင်းစိုက်ခင်းဥပဒေပုဒ်မ ၃ ၏ ပုဒ်မခွဲ(င)ကို ပယ်ဖျက်ရမည်။

၃။ မွန်ပြည်နယ်ကျေးရွာထင်းစိုက်ခင်းဥပဒေပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများ၊ မြေလွတ်မြေရိုင်းများ၊ ပျက်စီးနေသော ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများ၊ ကမ်းခြေနေရာများတွင် ပေါ်ထွန်းနေသောမြေများကို ကျေးရွာထင်းစိုက်ခင်းအဖြစ် သတ်မှတ်တည်ထောင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်သစ်တောဦးစီးဌာနမှူးသို့ နောက်ဆက်တွဲပုံစံ (၁)၊ (၂)ဖြင့် လျှောက်ထားရမည်။"

၄။ မွန်ပြည်နယ်ကျေးရွာထင်းစိုက်ခင်းဥပဒေပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ ညွှန်ကြားရေးမှူးသည် ပုဒ်မ ၈ အရ ခွင့်ပြုချက်အတိုင်း နောက်ဆက်တွဲပုံစံ(၃)ဖြင့် ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခွင့်လက်မှတ်ထုတ်ပေးရမည်။ "

၅။ မွန်ပြည်နယ်ကျေးရွာထင်းစိုက်ခင်းဥပဒေပုဒ်မ ၉ နောက်ဆက်တွဲပုံစံ(၃)ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

"မွန်ပြည်နယ် သစ်တောဦးစီးဌာနကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်လက်မှတ်"

၆။ မွန်ပြည်နယ်ကျေးရွာထင်းစိုက်ခင်းဥပဒေပုဒ်မ ၁၅ ၏ ပုဒ်မခွဲ (ဇ)ကို ပယ်ဖျက်ရမည်။ ပုဒ်မ ၁၅ ၏ ပုဒ်မခွဲ(ဈ)အား ပုဒ်မခွဲ(ဇ)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၇။ မွန်ပြည်နယ်ကျေးရွာထင်းစိုက်ခင်းဥပဒေပုဒ်မ ၁၈ ၏ ပုဒ်မခွဲ (ဈ)ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

အုန်းမြင့်
ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

## မွန်ပြည်နယ်သစ်တောဦးစီးဌာန
## ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခွင့်လက်မှတ်

၁။ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် . . . . . . . . . ရက်နေ့၌ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်နှင့် မွန်ပြည်နယ်၊ ကျေးရွာထင်းစိုက်ခင်းဥပဒေပုဒ်မ ၉ အရ မွန်ပြည်နယ်၊ . . . . . . . . . . . ခရိုင်၊ . . . . . . . . . . . . . မြို့နယ်၊ . . . . . . . . . . . . ကျေးရွာအုပ်စု၊ . . . . . . . . . . . ကျေးရွာအနီးတွင် . . . . . . . . . ကျေးရွာထင်းစိုက်ခင်းအဖြစ် သတ်မှတ်ထူထောင်ခွင့်ပြုသည်။

၂။ အောက်ဖော်ပြပါ နေရာများရှိ ကျေးရွာထင်းစိုက်ခင်းကို စိုက်ပျိုးထိန်းသိမ်း ကြီးကြပ်ခြင်းအား . . . . . . . . . . . . မြို့နယ် ကော်မတီနှင့် . . . . . . . . . . ကျေးရွာအုပ်စု ကော်မတီ၏စီမံအုပ်ချုပ်မှု အောက်တွင် ထားရှိလိုက်သည်-

(က) ကျေးရွာထင်းစိုက်ခင်း၏အမည်နှင့်တည်နေရာ၊

(ခ) ကျေးရွာထင်းစိုက်ခင်း နယ်နိမိတ်ရှိသိသာထင်ရှားသော အမှတ်အသားများ၏ လဒ်တီတွဒ်၊ လောင်ဂျီတွဒ် (မြေပုံညွှန်း အမှတ်များ)၊

(ဂ) ဧရိယာ။

၃။ ကျေးရွာထင်းစိုက်ခင်းများစီမံအုပ်ချုပ်ခြင်း၊ စိုက်ပျိုးခြင်း၊ ခုတ်ယူထုတ်လုပ်ခြင်း၊ ပြန်လည်စိုက်ပျိုးခြင်း စီမံချက်ရေးဆွဲဆောင်ရွက်ရန်အတွက် ကျေးရွာအုပ်စုကော်မတီသို့ ဤတည်ထောင်ခွင့်လက်မှတ်ကို ထုတ်ပေးခြင်းဖြစ်သည်၊

၄။ ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခွင့်ပြုသည့်မြေကို ခွင့်ပြုချက်မရှိဘဲ အခြားမြေအဖြစ်ပြောင်းလဲ အသုံးပြုခြင်း၊ အဆောက်အဦ ဆောက်လုပ်နေထိုင်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်းမပြုလုပ်ရန် ကျေးရွာထင်းစိုက်ခင်း ဥပဒေပုဒ်မ ၃၆ အရ တားမြစ်လိုက်သည်။

ညွှန်ကြားရေးမှူး
သစ်တောဦးစီးဌာန ၊မွန်ပြည်နယ်